# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်မဟာဗျူဟာ (၂၀၁၈-၂၀၂၁) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးပြောကြားခဲ့သည့် အမှာစကားကောက်နုတ်ချက်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့

- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသည် ဝန်ကြီးဌာနအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်အမျိုးမျိုးကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသဖြင့် ဝန်ကြီးဌာန၏ ပင်စည်သဖွယ်ဖြစ်သော အလွန်အရေးကြီးသော အဓိကမဏ္ဍိုင်ကြီးဖြစ်ပါကြောင်း၊
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်၊ ပညာရှင်များလေ့ကျင့်မွေးထုတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်နေမှုအခြေအနေအရပ်ရပ်ကို လေ့လာ ဆန်းစစ်သုံးသပ်ခြင်းတို့ကို အဓိကဆောင်ရွက်နေသော ဌာနတစ်ခုဖြစ်ပါကြောင်း၊
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ တက္ကသိုလ်အလိုက်၊ ဘာသာရပ်အလိုက် ကော်မတီများဖွဲ့၍ သက်ဆိုင်ရာပါမောက္ခ/ ဌာနမှူးများက မိမိ ဘာသာရပ်တိုးတက်ရေးအတွက် ဆောင်ရွက် ကြရမည်ဖြစ်ပါကြောင်း၊
- မိမိဦးစီးဌာနတွင် လိုအပ်သော စွမ်းဆောင်ရည်များ အပြည့်အဝ ရှိ/ မရှိ ပြန်လည် သုံးသပ်၍ လိုအပ်ပါက အခြားဦးစီးဌာနမှ ပညာရှင်များကိုခေါ်ယူ အသုံးပြုရမည် ဖြစ်ပါကြောင်း၊
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကို အကောင် အထည်ဖော်ရာတွင် လက်တွေ့ကျသော၊ ဖြစ်နိုင်သော၊ အရည်အသွေး ပြည့်ဝသော၊ ကုန်ကျစရိတ်နှင့် ထိုက်တန်သော လုပ်ငန်းများဖြစ်မှသာ ဝန်ကြီးဌာန တိုးတက်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော် ပါဝင်ဆောင်ရွက်နေသူများအားလုံးသည် ဝန်ကြီးဌာန၏ အနာဂတ်ကို ပုံဖော်နေကြသူများလည်း ဖြစ်ပါကြောင်း၊
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို ခေါ်ယူလေ့ကျင့် မွေးထုတ်ရာ၌ ယခင် မွေးထုတ်ပြီး ဦးရေ၊ လက်ရှိ ခွင့်ပြု၊ ခန့်ထားဦးရေ၊ လစ်လပ် ဝန်ထမ်းဦးရေ၊ ရောဂါ အမျိုးမျိုး၏ လက်ရှိဖြစ်ပွားမှုအခြေအနေနှင့် အနာဂတ်တွင် ဖြစ်ပွားနိုင်သည့် အခြေ အနေ၊ ပြောင်းလဲနေသည့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေပေါ်မူတည်၍ အနာဂတ်ကာလအတွက် လိုအပ်ချက်များကို မျှော်မှန်း တွက်ချက်ရန် လိုအပ်ပါကြောင်း၊

- ထို့အပြင် လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ရာထူးအခွင့်အလမ်း တိုးတက်ရေး ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနမှူး/ ပါမောက္ခများနှင့် ညှိနှိုင်း တိုင်ပင်၍ ရာထူးဖွဲ့စည်းပုံများ ပြုပြင်တိုးချဲ့ရေးကိုလည်း အမြန်ဆုံးဆောင်ရွက်မည် ဖြစ်ပါကြောင်း၊
- သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားပုံစနစ်နှင့် အခြေအနေအဆင့်အတန်းကို လေ့လာဆန်းစစ်ပုံ နည်းလမ်းများ ကို ပြုစုပြီး စုစည်းထားရန် လိုပါကြောင်း၊
- အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် လိုအပ်သော ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် လတ်တလော ကာလနှင့် ရေရှည်ကာလတွင် ဆောင်ရွက် သင့်သည်များကို ဆုံးဖြတ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊
- မိမိတို့ မွေးထုတ်လေ့ကျင့်ပေးလိုက်သူများသည် ကျွမ်းကျင်မှုနှင့် နည်းပညာပိုင်း အဆင့်အတန်း မြင့်မားသည်သာမက ကျင့်ဝတ်နှင့်ညီသော၊ အကောင်းမြင်စိတ်ရှိသော၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်သော၊ ရှေ့ရေးမျှော်တွေးတတ်သော သူများဖြစ်ရန် လိုအပ်ပါ ကြောင်း၊
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုရာ၌ ဆရာဝန်နှင့် သူနာပြုများသာမက ဓါတ်ခွဲ၊ ဓါတ်မှန်၊ ဆေးဝါး စသည့် ဆေးနီးနွယ် ကျွမ်းကျင်ပညာရှင်များ၊ အခြေခံကျန်းမာရေး ပညာရှင်များအပါအဝင် အခြားကျန်းမာရေး အထောက်အကူပြုဝန်ထမ်း စသည့် လုပ်ငန်းကဏ္ဍ နေရာအလိုက် တန်းတူညီမျှ အရေးကြီးသဖြင့် ဝန်ထမ်းအမျိုးအစား အားလုံး၏ အရည်အသွေးပြည့်ဝရေးကို အလေးထားဆောင်ရွက် ရန် လိုအပ်ပါကြောင်း၊
- ဖွံ့ဖြိုးပြီးနိုင်ငံများရှိ တက္ကသိုလ်များတွင် သင်ကြားနေသော သင်ရိုးညွှန်တမ်းများကို လေ့လာ ဆန်းစစ်ကာ မိမိနိုင်ငံနှင့်ကိုက်ညီအောင် ပြုပြင်ရေးဆွဲကာ စာသင်ကြားပေးလျက် ရှိပါကြောင်း၊
- ဆေးတက္ကသိုလ်များတွင် နိုင်ငံတကာအဆင့်မီ "ရလဒ်အခြေပြုသော ပေါင်းစည်းချိတ်ဆက် သင်ကြားခြင်းသင်ရိုးညွှန်းတမ်း (Outcome Based Integrated Curriculum)" ကို (၂၀၁၉) ခုနှစ်၊ နိုဝင်ဘာလမှစ၍ စတင်သင်ကြားနိုင်ခဲ့အောင် ဝိုင်းဝန်းဆောင်ရွက်ခဲ့သူများ အားလုံးကို ကျေးဇူးတင်ပါကြောင်း၊
- သင်ကြားသင်ယူပုံစနစ်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ သဘောထားအမြင် ရှုထောင့်များသည် အလွန် အရေးကြီးပါကြောင်း၊

- ဝန်ကြီးဌာနအနေဖြင့် ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များတွင် သင်ကြားသင်ယူမှု စနစ်နှင့် ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်ရေးတို့အတွက် (၂၀၂၀-၂၀၂၁)ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေများ တိုးမြှင့်ခွင့်ပြုချထားပေးခဲ့ပါကြောင်း၊
- ဝန်ကြီးဌာနရှိ မဟာဗျူဟာများ၊ နည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များကို ပြောင်းလဲလာသော လိုအပ်ချက်၊ လုပ်ငန်းခွင်အခြေအနေစသည်ဖြင့် ပြောင်းလဲလျက်ရှိသော အခြေအနေအရပ်ရပ်နှင့်အညီ ဆန်းစစ်သုံးသပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းများကို ပြုလုပ်နေရမည်ဖြစ်ပါကြောင်း၊
- ယခင်က ပြုလုပ်ခဲ့သော ဆေးပညာသင်ကြားရေး ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများမှ ထွက်ပေါ်ခဲ့သော အကြံပြုချက်များ၊ လုပ်ဆောင်ရမည့်အချက်များအား မည်မျှအကောင်အထည် ဖော်ဆောင်ရွက်ပြီးသည်ကိုလည်း ဆန်းစစ်သုံးသပ်စေလိုပါကြောင်း၊
- ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက် (၄၀) ကျော်မှ စီမံချက်မန်နေဂျာများအနေဖြင့်လည်း မိမိတို့၏ စီမံချက်အလိုက် နည်းဗျူဟာနှင့် လုပ်ငန်းစဉ်များကို ဆန်းစစ်သုံးသပ်ကာ ပြင်ဆင်သင့်သည်များကို ပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊
- ယခု COVID-19 ကပ်ရောဂါကာလတွင် မေ့ဆေးပညာ၊ ဆေးပညာနှင့် အရေးပေါ်ကုသမှု ဆေးပညာအထူးကုဆရာဝန်များ၊ ဆေးရုံစီမံခန့်ခွဲမှုပညာရှင်များ၊ ဓာတ်ခွဲနှင့် ဓာတ်မှန် ပညာရှင်များ၊ အထူးကြပ်မတ်သူနာပြုစုကုသမှု အထူးပြုများ ပိုမိုလိုအပ်နေသည်ကို တွေ့မြင်နိုင်ကြောင်း၊
- အလားတူ လုပ်ငန်းခွင်လိုအပ်ချက်မြင့်မားသည့် အထူးကုနှင့် အထူးပြုဘာသာရပ်များအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို ဝန်ကြီးဌာန၏ တက္ကသိုလ်များမှ ပိုမိုမွေးထုတ်ပေးစေ လိုပါကြောင်း၊
- ယနေ့ပြုလုပ်သော ဆွေးနွေးပွဲသည် ဝန်ကြီးဌာနနှင့် နိုင်ငံအတွက် အရေးကြီးသဖြင့် တက်ရောက်လာကြသည့် ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဦးစီးဌာနအသီးသီးမှ ပညာရှင်များက ဘက်စုံအမြင်များဖြင့် ပွင့်လင်းစွာဆွေးနွေးကြစေလိုပါကြောင်း၊
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်မဟာဗျူဟာ (၂၀၁၈-၂၀၂၁) တွင် ပါဝင်သော လုပ်ငန်းများကို ယခုအခြေအနေအထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမှာ ဝန်ကြီးဌာနရှိ ဦးစီးဌာနများ အားလုံး၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများကြောင့် ဖြစ်ပြီး ဆက်လက်၍ ပိုမိုတိုးတက် ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားကြစေလိုပါကြောင်း၊

- လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိ၏ကိုယ်ပိုင်အရေးကိစ္စကဲ့သို့ သဘောထားကာ ဆောင်ရွက်ကြစေလိုပါကြောင်း၊
- မဟာဗျူဟာတွင် ပါဝင်သည့် လုပ်ငန်းများမှ ဦးစားပေးဆောင်ရွက်သင့်သည်များ၊ လက်တွေ့ဆောင်ရွက် နိုင်သည်များစသည်ဖြင့် ဦးစားပေးအဆင့်များသတ်မှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ကြစေ လိုပါကြောင်း၊
- မဟာဗျူဟာရေးဆွဲရာတွင်လည်းကောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လည်းကောင်း ပံ့ပိုးပါဝင်လျက်ရှိသည့် Jhpiego အဖွဲ့အား အထူးကျေးဇူးတင်ရှိပါကြောင်း၊
- ဝန်ထမ်းများ၏ စွမ်းဆောင်မှုအရည်အသွေးကို အကဲဖြတ်ခြင်းနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေး အဖွဲ့တွင် လုပ်ဆောင်နေသည့် ပုံစံများကို လေ့လာသုံးသပ်ကာ မိမိတို့နိုင်ငံနှင့် သင့်တော်မည့် ပုံစံဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊
- ဝန်ကြီးဌာနရှိ ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းသာမက ပြင်ပပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ဆေးနှင့် နှီးနွှယ်ပညာရှင်များ၏ စွမ်းဆောင်ရည်ပြည့်ဝရေး ဆန်းစစ်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများကိုလည်း ပိုမိုပြုလုပ်ပေးစေလိုပါကြောင်း၊
- အရည်အသွေးပြည့်ဝပြီး ကျင့်ဝတ်လိုက်နာသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များမှ တစ်ဆင့် ပြည်သူတို့အား အရည်အသွေးပြည့်ဝသော ကုသစောင့်ရှောက်မှုများ၊ ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများပေးနိုင်မည်ဖြစ်ပါ၍ ယခုမဟာဗျူဟာလုပ်ငန်းများသည် ကျန်းမာရေးစနစ်ကြီး တစ်ခုလုံး၏ အနာဂါတ်အတွက်အလွန်အရေးပါကြောင်း။

**ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသူများ**

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊
- အမြဲတမ်းအတွင်းဝန်၊
- ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုဝန်ကြီးရုံး၊
- ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊
- ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး)၊
- ဒုတိယညွှန်ကြားရေးမှူးချုပ် (ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်)၊
- ညွှန်ကြားရေးမှူး (ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်)၊

- ဒုတိယညွှန်ကြားရေးမှူး (ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်)၊
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်၊
- Jhpiego အဖွဲ့မှ Technical Director၊
- တာဝန်ရှိသူများ။

(ဤမိန့်ခွန်းသည် ပြည်ထောင်စုဝန်ကြီး၏ လက်ရေးမူမှ ပြန်လည်ရိုက်နှိပ်ထားခြင်းဖြစ်ပါသည်။)